## Message Two

# ကောင်းသောမြေ – ခွဲခန့်ထားသောဝေစုဖြစ်သည့် အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ကော၊ ၁း၁၂။ ၂း၆–၁၅၊ ၁၉။ ထွ၊ ၃း၈။ တရား၊ ၈း၈–၉။ ၂၆း၉

**I. အဦးဆုံးနှင့် အရာအားလုံးပါဝင်သော အရှင်ဖြစ်သည့် ခရစ်တော်သည် သန့်ရှင်းသူများ၏ ခွဲခန့်ထားသော ဝေစုဖြစ်သည်– ကော၊ ၁း၁၂။**

က။ ခွဲခန့်ထားသောဝေစုသည် အစ္စရေးအမျိုးသားများအဖို့ သူတို့၏ အမွေခံရာအတွက် ပေးအပ်ခဲ့သော ခါနာန်ပြည်ရှိ ကောင်းသောမြေကို ခွဲဝေပေးခြင်းအားဖြင့် ပုံဆောင်ထားသည့် အမွေများကို ရည်ညွှန်းသည်– ယောရှု၊ ၁၄း၁။

ခ။ ဓမ္မသစ် ယုံကြည်သူများ၏ ခွဲခန့်ထားသော ဝေစုမှာ ရုပ်ပိုင်းဆိုင်ရာမြေ မဟုတ်ဘဲ၊ ၎င်းသည် အသက်ပေးသော ဝိညာဉ်တော်တည်းဟူသော အရာအားလုံးပါဝင်သော ခရစ်တော်ဖြစ်သည်– ကော၊ ၂း၆–၇။ ဂလ၊ ၃း၁၄။

က။ ကောင်းသောမြေ၏ ကြွယ်ဝခြင်းများသည် ဝိညာဉ်တော်၌ ကိုယ်တော်၏ ယုံကြည်သူများအဖို့ ကြွယ်ဝသော မစထောက်ပံ့ရာအဖြစ် ခြားနားသော ပုံပန်းသွင်ပြင်၌ရှိသော ခရစ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ပုံဆောင်သည်– တရား၊ ၈း၇–၁၀။ ဧ၊ ၃း၈။ ဖိ၊ ၁း၁၉။

ခ။ ကောင်းသောမြေ၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ခရစ်တော်၌ ယုံကြည်သူများသည် ဘုရားသခင်၏ အိမ်တော်နှင့် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သော ကိုယ်ခန္ဓာတော်ကို တည်ဆောက်လျက်ရှိကြသည်– ဧ၊ ၁း ၂၂–၂၃။ ၂း ၂၁–၂၂။ ၁တိ၊ ၃း၁၅။ မ၊ ၁၆း၁၈–၁၉။ ရော၊ ၁၄း၁၇။

**II. ဘုရားသခင့် ခေါ်တော်မူခြင်း၏ ရည်ရွယ်ချက်မှာ နို့နှင့် ပျားရည် စီးသောပြည်အားဖြင့် ပုံဆောင်သည့် အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်၏ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ဘုရားသခင်၏ ရွေးချယ်ခံလူတို့ကို ခေါ်ဆောင်ရန် ဖြစ်သည်– ထွ၊ ၃း၈။ ညွှန်း၊ ၁ကော၊ ၁း၉။**

က။ တိရစ္ဆာန် အသက်နှင့် အပင် အသက်နှစ်မျိုးလုံးဖြင့် ရောနှောပေါင်းစပ်ထားသော နို့နှင့် ပျားရည်သည် ခရစ်တော် အသက်၏ ပုံပန်းသွင်ပြင် နှစ်ခုဖြစ်သော– ရွေးနုတ်ခြင်း သွင်ပြင်နှင့် မွေးဖွားခြင်း သွင်ပြင်တို့ဖြစ်သည်။

၁။ ခရစ်တော် အသက်၏ ရွေးနုတ်ခြင်း ပုံပန်းသွင်ပြင်သည် ကျွန်ုပ်တို့၏ တရားရေးဆိုင်ရာအတွက် ဖြစ်ပြီး၊ ခရစ်တော် အသက်၏ မွေးဖွားခြင်း ပုံပန်းသွင်ပြင်သည် ကျွန်ုပ်တို့၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းအတွက် ဖြစ်သည်– ၁း ၂၉။ ၁ ၂း ၂၄။ ဗျာ၊ ၂း၇။ ရော၊ ၅း၁၀။

၂။ သခင်ဘုရား စားပွဲတော်၏ အမှတ်လက္ခဏာသည် ဘုရားသခင်၏ ပြီးပြည့်စုံသော ကယ်တင်ခြင်းအတွက် ခရစ်တော် အသက်၏ ရွေးနုတ်ခြင်းနှင့် မွေးဖွားခြင်း ပုံပန်းသွင်ပြင်များကို ပုံဆောင်သည်။ ထို့ကြောင့်၊ ကောင်းသောမြေသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ရာအတွက် စားသောက်ပွဲ၊ စားပွဲဖြစ်လာသည်– မဿဲ၊ ၂၆း ၂၆–၂၈။ ၁ကော၊ ၁၀း၁၇။

ခ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရွေးနုတ်ခြင်းနှင့် မွေးဖွားခြင်း၏ ပုံပန်းသွင်ပြင်၌ ကောင်းသောမြေတည်းဟူသော အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ရန်အလို့ငှာ "အလင်း၌"ရှိနေရမည် ဖြစ်သည်– ကော၊ ၁း၁၂။ ၁ပေ၊ ၂း၉။ ဟေရှာ၊ ၂း၅။

၁။ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏ – ၁ယော၊ ၁း၁၅။

၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အလင်းဖြစ်၏ – ဆာ၊ ၁၁၉း၁၀၅၊ ၁၃၀။

၃။ ခရစ်တော်သည် အလင်းဖြစ်သည်– ယော၊ ၈း၁၂။ ၉း၅။

၄။ ခရစ်တော်၏ အသက်သည် အလင်းဖြစ်သည်– ၁း၄။

၅။ ယုံကြည်သူများသည် အလင်းဖြစ်ကြ၏ – မ၊ ၅း၁၄။ ဖိ၊ ၂း၁၅။

၆။ အသင်းတော်သည် ထွန်းလင်းနေသော မီးခုံတိုင်ဖြစ်သည်– ဗျာ၊ ၁း ၂၀။ ဆာ၊ ၇၃း၁၆–၁၇။

ဂ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရွေးနုတ်ခြင်းနှင့် မွေးဖွားခြင်း ပုံပန်းသွင်ပြင်များ၌ ကောင်းသောမြေတည်းဟူသော အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသုံးရမည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အဖို့ သောက်စရာ နို့နှင့် စားစရာ ပျားရည် ဖြစ်သည်– ယော၊ ၆း၅၇၊ ၆၃၊ ၆၈။ ၁ပေ၊ ၂း၂။ ဆာ၊ ၁၁၉း၁၀၃။ ယေ၏၊ ၃း၃။

ဃ။ နို့နှင့် ပျားရည်၏ ပြည်ဖြစ်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် နို့နှင့် ပျားရည်ဖြစ်သော ကိုယ်တော်နှင့် ဇေ့စပ်ထုံးဖွဲ့ခြင်းရှိလာမည် ဖြစ်သည်– "သင်၏ နှုတ်ခမ်းသည် လတ်ဆတ်သော ပျားရည်ကဲ့သို့ တစ်စက်တစ်စက်ကျတတ်၏။

သင်၏လျှာအောက်မှာ ပျားရည်နှင့် နို့ရှိ၏''– သီ၊ ၄း၁၁က။

၁။ နို့သည် လူသစ်များကို ကျွေးမွေးခြင်းရှိသကဲ့သို့၊ ပျားရည်သည် နာမကျန်းသောသူတို့ကို ကျန်းမာစေသည်။

၂။ ရှာဖွေသောသူတို့သည် သူမ၏ အတွင်း၌ များစွာသော ကြွယ်ဝခြင်းများကို သိထားလျက်ရှိသည်၊ ထိုအစားအစာသည် သူမ၏ လျှာအောက်၌ရှိ၍၊ သူမသည် လိုအပ်သောသူတို့ထံ ခရစ်တော်၏ကြွယ်ဝခြင်းများကို အချိန်တိုင်း ဝေငှဖြန့်ဖြူးခြင်းရှိနိုင်သည်– ဟေရှာ၊ ၅၀း၄ မ ၊ ၁၂း၃၅–၃၆။ လု၊ ၄း၂၂။ ဧ၊ ၄း၂၉–၃၀။

၃။ ဤချိုမြိန်ခြင်းသည် ညတွင်းချင်းထုတ်လုပ်မှုမဟုတ်ဘဲ၊ အချိန်ကြာကြာ စုသိမ်းခြင်း၊ အတွင်းပိုင်း လှုပ်ရှားလုပ်ဆောင်ခြင်းနှင့် ဂရုတစိုက် သိုလှောင်ခြင်းမှ ထွက်ပေါ်လာသည်– သီ၊ ၄း၁၆။ ၂ကော၊ ၁၂း၇–၉။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ရှင်သန်နေထိုင်ရာပြည်ဖြစ်သော ခရစ်တော်၌ လျှောက်လှမ်းပြီး၊ ကျွန်ုပ်တို့ အမြစ်စွဲခြင်းရှိသော ကြွယ်ဝသော မြေဆီလွှာဖြစ်သည့် ခရစ်တော်ကို စုပ်ယူနိုင်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် မြေဆီလွှာမှ ကျွန်ုပ်တို့ စုပ်ယူထားသော ဒြပ်သဘောသဘာဝဖြင့် ကြီးထွားခြင်းရှိနိုင်မည် ဖြစ်သည်– ကော၊ ၂း၆–၇။ ညွှန်း၊ ၁ကော၊ ၃း၆၊ ၉။ ကော၊ ၂း၁၉။

က။ ကော၊ ၂း၈–၁၅ တွင် ကျွန်ုပ်တို့သည် ဘာမျှလိုအပ်ရာမရှိသော မြေဖြစ်သည့် ခရစ်တော်၏ပြည့်ဝပြည့်စုံသော ရုပ်ပုံကားချပ်နှင့် အနက်အဓိပ္ပာယ်ကို တင်ဆက်ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောပြည်ဖြစ်သည့် ကိုယ်တော့်ကို စုပ်ယူရန် အချိန်ယူခြင်းရှိသည့်အလျောက်၊ ဤကျမ်းပိုဒ်များ၌ရှိသော အကြောင်းအရာများသည် ကျွန်ုပ်တို့၏ အတွေ့အကြုံ ဖြစ်လာသည်။

၁။ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် မြေဖြစ်သော ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏– အငယ်၊ ၉။

(က) *ပြည့်စုံခြင်း*သည် ဘုရားသခင်၏ကြွယ်ဝခြင်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ကြွယ်ဝခြင်းများ၏ ထင်ရှားခြင်းကို ရည်ညွှန်းသည်။ ခရစ်တော်၌ ကိန်းဝပ်နေသောအရာသည် ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ကြွယ်ဝများမျှသာမက၊ ဘုရားဖြစ်ခြင်း၏ကြွယ်ဝခြင်းများ၏ ထင်ရှားလည်း ဖြစ်သည်– အငယ်၊ ၉။ ၁း၁၅။ ၃း၁၀–၁၁။

(ခ) ကျွန်ုပ်တို့သည် မြေတည်းဟူသော ခရစ်တော်၌ အမြစ်စွဲခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပြည့်စုံခြင်းရှိသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထင်ရှားခြင်းဖြစ်လာရန် ဘုရားဆိုင်ရာ ကြွယ်ဝခြင်းများ အားလုံးနှင့် ဖြည့်ခြင်းရှိလာသည်– ဧ၊ ၃း၈၊ ၁၇၊ ၁၉။

(ဂ) မြေဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့သည် ဖြည့်ခြင်း၊ ပြည့်ဝပြည့်စုံခြင်း၊ စုံလင်ခြင်း၊ သင့်မြတ်ခြင်းနှင့် လုံးလုံးမစ ထောက်ပံ့ခြင်းကို ရရှိကြသည်။ ကျွန်ုပ်တို့သည် ဘာလိုအပ်မှုမျှမရှိပါ– ညွှန်း၊ ဖိ၊ ၁း၁၉။

(ဃ) မြေဖြစ်သော ခရစ်တော်သည် ကိုယ်တော်၏ ပုဂ္ဂိုလ်နှင့် ဖြစ်စဉ်များ၏ကြွယ်ဝခြင်းများ အားလုံးနှင့်အတူ ဘုရားသခင်၏ သမိုင်းနှင့် နက်နဲခြင်းဖြစ်သည်– ကော၊ ၂း၂။

၂။ မြေဖြစ်သော ခရစ်တော်သည် အုပ်စိုးခြင်းနှင့် အာဏာစက်အားလုံး၏ ဦးခေါင်းဖြစ်တော်မူ၏– အငယ်၊ ၁၀။

၃။ မြေဖြစ်သော ခရစ်တော်၌ အသွေးအသားကို သေစေသော၊ သေခြင်း၏တန်ခိုးရှိသည်– အငယ်၊ ၁၁။

၄။ မြေဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့ကို သင်္ဂြိုဟ်ပေးသော ဒြပ်သဘောသဘာဝရှိသည်– အငယ်၊ ၁၂က။

၅။ မြေဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့ကို ရှင်ပြန်ထမြောက်စေသော ဒြပ်သဘောသဘာဝရှိသည်– အငယ်၊ ၁၂ခ။

၆။ မြေဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့ကို အသက်ရှင်စေသော ဒြပ်သဘောသဘာဝရှိသည်– အငယ်၊ ၁၃။

၇။ မြေဖြစ်သော ခရစ်တော်၌ ဝိနည်းအထုံးအဖွဲ့များနှင့် စပ်ဆိုင်သော လက်မှတ်ကို ချေခြင်း– အငယ်၊ ၁၄။

၈။ မြေဖြစ်သော ခရစ်တော်၌ လေထုထဲ၌ ဝိညာဉ်ဆိုးများအပေါ် အောင်ပွဲကို ခံတော်မူခြင်း– အငယ်၊ ၁၅။

ခ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကိုယ်တော်၌ ပြည့်စုံခြင်းရှိရန်အလို့ငှာ ကြွယ်ဝသောမြေတည်းဟူသော ခရစ်တော်၏ဒြပ်သဘောသဘာဝများ အားလုံး ကျွန်ုပ်တို့အထဲသို့ စုပ်ယူခြင်းရှိမည့်အကြောင်း၊ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောမြေဖြစ်သည့် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန် အချိန်ယူခြင်းရှိရမည် ဖြစ်သည်– အငယ်၊ ၁၀က။ ၄း၂။

၁။ ကျွန်ုပ်တို့သည် မြေဖြစ်သော ခရစ်တော်၏ကြွယ်ဝခြင်းများကို စုပ်ယူလိုသည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် နုငယ်သော၊ အသစ်သော အမြစ်များရှိရန် လိုအပ်သည်– ညွှန်း၊ ၂ကော၊ ၄း၁၆။

၂။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အနေအထား၊ အခြေအနေ၊ ကျဆင်းခြင်းများနှင့် အားနည်းချက်များကို မေ့ပစ်ရန်နှင့် ရိုးရိုးလေး သခင်ဘုရားကို စုပ်ယူရန် အချိန်ယူခြင်းရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စုပ်ယူရန် အချိန်ယူခြင်းရှိသည့် အလျောက်၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့၌ ဘုရားသခင်၏ကြီးထွားခြင်းနှင့်အတူ ကြီးထွားခြင်းရှိသည်– လု၊ ၈း၁၃။ မဿဲ၊ ၁၄း၂၂–၂၃။ ဖိ၊ ၆။ ကော၊ ၂း၇က၊ ၁၉။

© 2019 Living Stream Ministry